ပန်းရွာကျေးရွာအုပ်စု၊ ဆေးခင်းကျေးရွာ

ငါန်းဇွန်မြို့နယ်

Village Development Plan

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

(၂၀၂၃-၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆေးခင်းကျေးရွာ၊ ငါန်းဇွန်မြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည့်)

၂၀၂၃ ခုနှစ်၊ဩဂုတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	ဆေးခင်းကျေးရွာ ကျေးရွာသယံဇာတမြေပုံ၊ ငါန်းဖွန်မြို့နယ်	
	ဆေးခင်းကျေးရွာ ကျေးရွာရာသီခွင်ပြ ပြက္ခဒိန်၊ ငါန်းဖွန်မြို့နယ်	
	ဆေးခင်းကျေးရွာ ကျေးရွာအဖွဲ့အစည်းချိန်ဆက်မှုပြပုံ၊ ငါန်းဖွန်မြို့နယ်	
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	
၃။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	
၄။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံစိုက်ပျိုးရေး	
	(ခ) မွေးမြူရေးလုပ်ငန်း	
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	
၅။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာ မီးလင်းရေး	
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	
၆။	ပညာရေး	
၇။	ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး	
၈။	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
၉။	ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	
၁၀။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	
	နောက်ဆက်တွဲ (၃) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၁-၂၀၂၂ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၅/၂၀၂၆ ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသောလူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာဝန်ထမ်း များကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိယုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက် များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

ဩဂုတ်လ၊ ၂၀၂၃
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဆေးခင်းကျေးရွာ
ငါန်းဇွန်မြို့နယ်

ပန်းရွာကျေးရွာအုပ်စု ၊ဆေးခင်းကျေးရွာသယံဇာတပြမြေပုံ



ပန်းရွာကျေးရွာအုပ်စု ၊ဆေးခင်းကျေးရွာ ရာသီခွင်ပြပြကွဒိန်

အကြောင်းအရာ	ဇန်နဝါရီ တန်ခူး	ဖေဖော်ဝါရီ ကဆုန်	မတ် နယုန်	ဧပြီ ဝါခေါင်	မေ ကြက်တေ တော်သင်္ကြန်	ဇွန် အောက်တိုဘာ ဒီပတင်းကျွတ်	ဇူလိုင် နိုဝင်ဘာ တန်ဆောင်မုန်း	သြဂုတ် ဒီဇင်ဘာ နတ်တော်	စက်တင်ဘာ ဇန်နဝါရီ ပြာသို	အောက်တိုဘာ ဖေဖော်ဝါရီ တပို့တွဲ	နိုဝင်ဘာ မတ် တပေါင်း
ရာသီဥတု												
စိုက်ပျိုးရေး		နှမ်း၊ မြေပဲ	နှမ်း၊ မြေပဲ	စပါး	စပါး	ပဲမျိုးစုံ	ပဲမျိုးစုံ					
ပွဲတော်												
ကျန်းမာရေး	သင့်	သင့်	သင့်	သင့်	သင့်	ညှံ့	ညှံ့	သင့်	သင့်	သင့်	သင့်	သင့်
ဝင်ငွေ					ကောင်း				ကောင်း	ကောင်း		
သောက်ရေ ဖူလုံမှု	နည်	နည်	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ
အစာရေစာ ဖူလုံမှု	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	ကောင်း	ကောင်း

ရည်ညွှန်းချက်

 နွေ

 မိုး

 ဆောင်း


 သင်္ကြန်ပွဲ

 ညောင်ရေသွန်းပွဲ

 ဘုရားပွဲ

 မီးထွန်းပွဲ

ပန်းရွာကျေးရွာအုပ်စု ၊ဆေးခင်းကျေးရွာ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

ဆေးခင်းကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ငါန်းဖွန်မြို့နယ်တွင် ပါဝင်သော ကျေးရွာတစ်ရွာ ဖြစ်ပြီး ငါန်းဖွန်မြို့၏ တောင်ဘက်(၈.၅)မိုင်ခန့်တွင်တည်ရှိပြီး အရှေ့လောင်ဂျီတွဒ်(95°41'3.30"E)၊ မြောက်လက်တီတွဒ်(21°49'12.67"N)တွင် တည်ရှိသော ကျေးရွာဖြစ်ပါသည်။ ဆေးခင်းကျေးရွာ၏ မြောက်ဘက်နယ်နိမိတ်တွင် လယ်ဝန်းကုန်းကျေးရွာ၊ အရှေ့မြောက်ဘက် နယ်နိမိတ်တွင် စီထိန်းကျေးရွာ၊ တောင်ဘက်နယ်နိမိတ်တွင် ထွန်းသာကျေးရွာ၊ မကျီးကုန်းကျေးရွာနှင့် အရှေ့ဘက်တွင် စတေးကျေးရွာ၊ စီကံကျေးရွာတို့နှင့် နယ်နိမိတ်ဆက်စပ်လျှက် ရှိပါသည်။ အိမ်ထောင်စု အားဖြင့်(၂၀၀)စုရှိသော ကျေးရွာကြီးတစ်ရွာ ဖြစ်ပါသည်။ ကျေးရွာနှင့်အနီးဆုံးမြို့မှာ ငါန်းဖွန်မြို့ ဖြစ်ပြီး ကျေးရွာ၏ကုန်စည်ဝန်ဆောင်မှုအချို့အတွက် ငါန်းဖွန်မြို့မစျေး၊ တံတားဦးမြို့နယ်၊ မန္တလေးမြို့ များသို့ လမ်းပန်းဆက်သွယ်ရေး လွယ်ကူစွာဖြင့် ဆက်သွယ်ဆောင်ရွက်ကြပါသည်။ ငါန်းဖွန်စျေးနှင့် ဆက်သွယ်သောလမ်းမှာ မြေသားလမ်း၊ ကတ္တရာလမ်းဖြစ်ပြီး ဆိုင်ကယ်၊ ကားများဖြင့် သွားရောက်ကြသည်။ ကျေးရွာတွင်းလမ်း(၆၉၅၀)ပေနီးပါးမှာ မြေသားလမ်း ဖြစ်ပါသည်။ မြေသားလမ်းများဖြစ်သဖြင့် မိုးရာသီတွင် သွားလာရခက်ခဲခြင်းများရှိနေပြီး ကျန်ရှိလမ်းများအား ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးပါက ပိုမိုအဆင်ပြေစွာနှင့် လုပ်ငန်းများ ခရီးတွင်လာမည်ဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်မှုတွင် တစ်ထောင့်တစ်နေရာမှ အထောက်အကူ ဖြစ်မည်မှာ အသေအချာပင် ဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ဆေးခင်းကျေးရွာ၏ ရာသီဥတုအခြေအနေမှာ သာမာန်အားဖြင့် နွေရာသီတွင် အပူချိန် ၄၂ ဒီဂရီ စင်တီဂရိတ်အထိ အမြင့်ဆုံးရှိပြီး အနိမ့်ဆုံးအခြေအနေတွင် ၃၆ ဒီဂရီစင်တီဂရိတ် ရှိတတ်ပါသည်။ ဆေးခင်းကျေးရွာတွင် လယ်၊ ယာ၊ ဥယျာဉ်ခြံမြေ စုစုပေါင်း(၁၅၀၀)ဧကရှိပြီး စပါးကိုသာ အဓိက စိုက်ပျိုးကြပြီး နှမ်းပဲစင်းငုံ တို့ကို အနည်းငယ်စိုက်ပျိုးကြပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဆေးခင်းကျေးရွာတွင် လူမှုရေးကိုအခြေခံ၍ ဖွဲ့စည်းထားသော လက်ပံပင် လူမှုကူညီရေး အသင်းနှင့် ဘာသာရေးကိုအခြေခံ၍ ဖွဲ့စည်းထားသော ဂေါပကအဖွဲ့၊ ဓမ္မစကြာအဖွဲ့ အသင်းအဖွဲ့(၂)ဖွဲ့ နှင့် အုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ မီးကော်မတီအဖွဲ့၊ ရေကော်မတီအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့ ရှိပါသည်။ ကျေးရွာ၏သာရေး/နာရေးလူမှုဖွံ့ဖြိုးရေးကိစ္စများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ အဖွဲ့အစည်းများမှာ ၄င်းတို့၏အခန်းကဏ္ဍအလိုက် သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပြီး လူငယ်များ အကျင့်စာရိတ္တကောင်းမွန်စေရေးနှင့် မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးပါက ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ဆေးခင်းကျေးရွာတွင် ပဲစင်းငုံ၊ မြေပဲနှင့်နှမ်းတို့ကို အဓိကစိုက်ပျိုးကြပါသည်။ စပါးကိုလည်း အနည်းငယ် စိုက်ပျိုးကြပါသည်။ မိုးကောင်းလျှင် မြေပဲများအထွက်နှုန်းတိုးပြီး မိုးမကောင်းလျှင် မြေပဲအထွက်နှုန်း နည်းပါးပါသည်။

(ခ) မွေးမြူရေး

ဆေးခင်းကျေးရွာတွင် တစ်ပိုင်တစ်နိုင်စီးပွားရေးအနေဖြင့် နွား၊ နို့စားနွား၊ နှင့်ဝက်များကို မွေးမြူကြသည်။ နည်းပညာများနှင့်ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ အားနည်းသဖြင့် ရာသီကူးပြောင်း ချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိပါသည်။

(ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ဆေးခင်းကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းများ လုပ်ကိုင်ရန် လယ်ယာ၊ သား၊ ငါး မဟုတ်သော ဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်အသင့်အတင့်ရှိပြီး အသက်မွေးဝမ်းကြောင်းပြုနိုင်သော ပညာများကိုလည်း တက်မြောက်ကြသည်။ ဆေးခင်းကျေးရွာတွင် ကြိုးကျစ်လုပ်ငန်းကို အများစု လုပ်ကိုင်ကြပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဆေးခင်းကျေးရွာတွင် စီးပွားရေးကို အခြေခံသောအစိုးရမဟုတ်သော အဖွဲ့အစည်းများ ဖြစ်သည့် လူမှုကူညီရေးအသင်းရန်ပုံငွေထားရှိပြီး ကျေးရွာသူ/သားများသည် တစ်ဦးလျှင် ငွေကျပ်အနည်းဆုံး(၄၀၀၀၀/-)ကျပ်နှုန်း၊ အများဆုံး (၁၁၀၀၀၀၀/-)နှုန်း အတိုးနှုန်း၅ကျပ်နှုန်းဖြင့် ထုတ်ချေးလျက်ရှိပါသည်။ စထာပနာအဖွဲ့များရှိပြီး ငွေကြေးလုပ်ငန်းကို လုပ်ကိုင်လျက် ရှိပါသည်။ စထာပနာ ငွေချေးအဖွဲ့မှာ (၁)ဦးလျှင် ငွေကျပ်(၃၀၀၀၀၀/-၊ ၇၀၀၀၀၀/- မှစ၀၀၀၀၀/-)ထိ ချေးယူရရှိပြီး (၁)လတစ်ကြိမ်နှင့် (၁၀)လ ပြန်လည်ပေးဆပ်ကြရသည်။ စတာပနာအဖွဲ့၏ အတိုးနှုန်းများမှာ ၂ကျပ်၃၀ပြားဖြစ်ပြီး အချို့ငွေချေးအဖွဲ့များမှ ချေးငွေရရှိရန်အတွက် အိမ်ထောင်စု၀ယား၊ မှတ်ပုံတင်၊ ပတ်စ်ပို့ပုံများ ပေးကြရသော်လည်း အချို့ငွေချေးအဖွဲ့မှာ အိမ်အခြေအနေနှင့် လုပ်ငန်းအခြေအနေ ကိုသာ ကြည့်၍ငွေချေးပေးကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ဆေးခင်းကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအတွက် စက်ဘီး(၅၀)စီး ၊မော်တော်ဆိုင်ကယ် (၁၅၀)စီး၊ ကား(၁)စီး နှင့် နွားလှည်း(၁၀၀)စီးရှိပြီး သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုလျက် ရှိပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ဆေးခင်းကျေးရွာတွင် ထရန်စဖော်မာရောက်ရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကျေးရွာတွင်း ၄၀၀ဗို့အားလိုင်း မီးကြိုးမီးတိုင်သွယ်တန်းခြင်းလုပ်ငန်း (မီးတိုင်-၁၃တိုင်၊ မီးကြိုး-၈၂၄၄ပေ)အား ဆောင်ရွက်မည် ဖြစ်ပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဆေးခင်းကျေးရွာတွင် တယ်လီဖုန်းများအားလုံး လိုင်းမိသောကြောင့် အော်ပရေတာမျိုးစုံမှ တယ်လီဖုန်းများ အသုံးပြုကြပါသည်။

၆။ ပညာရေး

ဆေးခင်းကျေးရွာတွင် မူလတန်းကျောင်းသားအရွယ်များမှာ ကလေးအားလုံးကျောင်းတက်နိုင်ကြသည်။ ကျေးရွာတွင် မူလတန်းကျောင်းရှိသည့်အတွက် မူလတန်းအထိသာ သင်ကြားနိုင်ကြသည်။ အလယ်တန်းနှင့်အထက်တန်းပညာကို ငါန်းဖွန်အထက်တန်းကျောင်းသို့ သွားရောက်သင်ယူကြသည်။ ကျေးရွာအနေဖြင့် မူလတန်းအဆင့် ကျား/မ(၇၅)ဦး၊ အလယ်တန်းအဆင့် (၂၄)ဦး၊ အထက်တန်းအဆင့် ကျား/မ(၁၉)ဦး၊ တက္ကသိုလ်အဆင့်ကျား/မ(၁)ဦးရှိပါသည်။

အလယ်တန်းနှင့်အထက်တန်းပညာကို ငါန်းဖွန်မြို့ရှိအထက်တန်းကျောင်းများသို့ တက်ရောက်သော ကျောင်းသားများအနေဖြင့် အများအားဖြင့် စက်ဘီး၊ ဆိုင်ကယ်များဖြင့်လည်း ကျောင်းတက်ရောက်ကြပါသည်။

ဆေးခင်းကျေးရွာတွင် စာမတက်သူ(၁၅%)၊ မူလတန်းအဆင့်ရှိသူမှာ (၄၂)%၊ အလယ်တန်းအဆင့်ရှိသူ(၂၇)%၊ အထက်တန်းအဆင့်ရှိသူ (၁၄)%နှင့် တက္ကသိုလ်၊ ကောလိပ်အဆင့်ရှိသူ (၂)% ဖြစ်ပါသည်။ မူလတန်းအဆင့်မှာအများဆုံးဖြစ်ပါသည်။

ဆေးခင်းကျေးရွာတွင် မူလတန်းကျောင်းရှိပါသည်။ ကျောင်းဆောင် (၁)ဆောင်ရှိပါသည်။ ကျောင်းဆရာ/ဆရာမ(၄)ဦးသာရှိပြီး သင်ထောက်ကူပစ္စည်းများမှာမူ လုံလောက်မှု မရှိပါ။ ကျောင်းအိမ်သာမှာ သင့်တင့်ကောင်းမွန်ပါသည်။ အလယ်တန်းနှင့် အထက်တန်းပညာကို ငါန်းဖွန် အထက်တန်းကျောင်းသို့ သွားရောက်သင်ယူကြပါသည်။

ဆေးခင်းကျေးရွာစာသင်ကျောင်းသည် မူလကျောင်းဖြစ်ပြီး ကျောင်းဆရာ/ဆရာမ (၄)ယောက်ရှိသဖြင့် လုံလောက်မှုရှိပါသည်။ မူလတန်းကျောင်းထွက်နှုန်းနည်းပါးပြီး မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်လည်း မရှိပါ။ ကျောင်း၏လိုအပ်ချက်များကို မိဘဆရာအသင်းနှင့်စီစဉ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ဆေးခင်းကျေးရွာတွင် ကျန်းမာရေးအတွက် (၃)မိုင်ခန့်ဝေးသော ပန်းရွာကျေးရွာကျေးလက်ဆေးပေးခန်းဌာ ဆေးကုသကြပါသည်။ အရေးပေါ်ကျန်းမာရေး အခြေအနေပေါ်ပေါက်လာပါက (၈.၅)မိုင်ခန့်ဝေးသော ငါန်းဖွန်မြို့ရှိ ဆေးခန်း/ဆေးရုံသို့သာ သွားရောက် ဆေးကုသကြပါသည်။

ဆေးခင်းကျေးရွာတွင် သွေးလွန်တုတ်ကွေး၊ တီဘီ၊ ဆီးချို၊ သွေးတိုးရောဂါများ နှင့် ယခုအချိန်တွင် အခြားကူးစက်နိုင်သော Omicron Covid-19ရောဂါများ အနည်းငယ် ဖြစ်ပွားသော်လည်း ရောဂါဖြင့် သေဆုံးမှုများမရှိကြပါ။ ကျေးရွာပြည်သူများသည် ကျန်းမာရေးနှင့် ပတ်သက်သော အခြေခံဗဟုသုတများအနည်းငယ်သိရှိကြသည်။

ဆေးခင်းကျေးရွာတွင် အဝီစိတွင်းစက်တပ်တွင်း(၂၀)တွင်း၊ တွင်းတိမ်(၂၀)ခန့်ရှိ၍ရေတွင်းမရှိသောအိမ်များမှာ ရေတွင်းရှိသောအိမ်များနှင့်ပေါင်း၍ သုံးစွဲကြပြီး သောက်သုံးရေ လုံလောက်မှုရှိပါသည်။ အဝီစိ တွင်းများမှာ ရေအရည်အသွေးစမ်းသပ်စစ်ဆေးချက်ရလာဒ်အရ ၄င်းရေသည် Chloride များခြင်းမှ အပရေအရည်အသွေးကောင်းမွန်ခြင်းရှိပါသည်။

ဆေးခင်းကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုသည့် အိမ်ထောင်စု (၁၇၅)စု နှင့် ရေဆွဲအိမ်သာအသုံးပြုသော အိမ်ထောင်စု(၁၉)စုရှိပါသည်။ ကျန်ရှိသည့် အိမ်ထောင်စု (၁၁)စုသည် နီးစပ်သည့်ဆွေမျိုးများအိမ်သို့ ပေါင်း၍သုံးစွဲသည် ဖြစ်ပါသဖြင့် ကျန်းမာရေးအသိပညာ လက်လှမ်းမီကြောင်း တွေ့ရပါသည်။

၈။ ဘေးအန္တရာယ်များနှင့် ဘဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ဆေးခင်းကျေးရွာတွင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် အမှိုက်များကို သတ်မှတ်ထားသည့် အမှိုက်ကျင်းနေရာတွင် သွားရောက်စွန့်ပစ်ကြပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဆေးခင်းကျေးရွာတွင် ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှုရှိသော်လည်း နည်းပါးပါသည်။ ကျားနှင့်မအကြား ပြင်းထန်သောအိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများတိုင်ကြားမှုများမရှိပါ။ အမျိုးသမီး ရေးရာအကြမ်းဖက်မှုများ အတွက်ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများ အသိအမြင်အနည်းငယ်ရှိသော်လည်း လူငယ်များ အကျင့်စာရိတ္တကောင်းမွန်စေရေးနှင့် မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲများ ဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။

ဆေးခင်းကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း (၁)ကျောင်းရှိ၍ ဘာသာရေးကို ယုံကြည်ကိုးကွယ် ကြသူများပြားပြီး ကုသိုလ်ကောင်းမှုများကိုလည်း စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ဆောင်ရွက် ကြသည်။

ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် ပန်းရွာ			ကျေးရွာအမည် ဆေးခင်း
စဉ်	**ကဏ္ဍ**	**စီမံချက် ဆိုလိုရင်း**	**စီမံချက်နှင့်လုပ်ငန်းစဉ်များ**
၁	လျှပ်စစ်	လျှပ်စစ်	ကျေးရွာမီးလင်းရေးလုပ်ငန်း၊
၂	အခြေခံအဆောက်အဦး	ကျေးလက်လမ်းတံတား	ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း၊
၃	အခြေခံအဆောက်အဦး	ကျေးလက်ရေပေးရေး	ဆိုလာရေသန့်စင်စနစ်၊
၄	အခြေခံအဆောက်အဦး	ကျေးလက်လမ်းတံတား	ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း၊
၅	အခြေခံအဆောက်အဦး	ကျေးလက်လမ်းတံတား	ကျေးရွာချင်းဆက်ကျင်းလမ်းခင်းပေးနိုင်ရန်၊
၆	အခြေခံအဆောက်အဦး	ကျေးလက်လမ်းတံတား	ကျေးရွာချောင်းတံတားပြန်လည်ပြုပြင်ခြင်းလုပ်ငန်း၊
၇	လျှပ်စစ်	လျှပ်စစ်	ထပ်တိုးကျေးရွာမီးလင်းရေးလုပ်ငန်း၊
၈	လူမှုဖွံ့ဖြိုးရေး	သင်တန်း	အသက်မွေးဝမ်းကြောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးနိုင်ရန်၊

နောက်ဆက်တွဲ (၁)

ပန်းရွာကျေးရွာအုပ်စု၊ ဆေးခင်းကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးသိန်းထွန်း	ဦးငွေးအောင်	၅/ငဇန (နိုင်) ၀၆၉၇၄၅	၄၁	ဥက္ကဋ္ဌ	၀၉-၇၉၉၂၀၉၆၀၅
၂	ဦးလူအောင်	ဦးအေးပို	၉/ ငဇန(နိုင်) ၁၄၈၅၃၀	၃၅	အတွင်းရေးမှူး	၀၉-၇၆၅၂၂၀၂၂၁
၃	ဦးမောင်ညွန့်	ဦးစိန်ရွှေလေး	၅/ ငဇန(နိုင်) ၀၈၄၁၈၅	၃၃	အဖွဲ့ဝင်	၀၉-၇၆၆၂၄၅၁၃၉
၄	ဦးဝင်းမင်းထွန်း	ဦးကြည်ငွေး	၉/ ငဇန(နိုင်) ၁၃၂၃၉၂	၃၄	အဖွဲ့ဝင်	၀၉-၇၉၆၂၉၄၇၈
၅	ဦးနိုင်ဝင်း	ဦးအောင်ခင်	၅/ ငဇန(နိုင်) ၀၅၂၉၇၀	၄၅	အဖွဲ့ဝင်	၀၉-
၆	ဒေါ်ငြိမ်းချမ်းသူ	ဦးဖြူဝင်း		၂၄	အဖွဲ့ဝင်	၀၉-
၇	ဒေါ်ဝင်းလွင်	ဦးကံစိန်		၄၃	အဖွဲ့ဝင်	၀၉-
၈	ဒေါ်ခိုင်မာဝင်း	ဦးကံဆောင်		၂၂	အဖွဲ့ဝင်	၀၉-
၉	ဒေါ်ညိုကို	ဦးစကာဘို		၅၃	အဖွဲ့ဝင်	၀၉-

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
အခြေခံအဆောက်အဦး					
– ရွာလုံးကျွတ်မီး မလင်းနိုင်သေးခြင်း၊	– ကျေးရွာမြောက်ပိုင်း မီးလင်းရန် ကျန်ရှိခြင်း၊	– ကျေးရွာအလှူငွေများ ရနိုင်ခြင်း၊	– ကျေးရွာမှ ရရှိသောအလှူငွေနှင့် မလုံလောက်ခြင်း၊ – နည်းပညာ အခက်အခဲ ရှိခြင်း၊	– ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့်ကျေးလက်ဦးစီးဌာနတို့ ချိတ်ဆက်ဆောင်ရွက်ခြင်း၊ – ကျေးရွာရန်ပုံငွေ ရရှိအောင် စုဆောင်းခြင်း၊	– မီးလင်းရေး၊
– မိုးရာသီတွင် သွားလာရခက်ခဲခြင်း၊	– မြေသားလမ်းဖြစ်ခြင်း၊ – မိုးရာသီတွင် ရေအိုင်နေခြင်း၊	– မူရင်းမြေသားလမ်းမှ အောက်ခံအမာခံရှိနေ ခြင်း၊ – ကျေးရွာအလှူငွေနှင့် လုပ်အားများ ရနိုင်ခြင်း၊	– ကျေးရွာမှ ရရှိသော အလှူငွေနှင့်မလုံလောက်ခြင်း၊ – နည်းပညာ အခက်အခဲ ရှိခြင်း၊	– ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့်ကျေးလက်ဦးစီးဌာနတို့ ချိတ်ဆက်ဆောင်ရွက်ခြင်း၊ – ကျေးရွာရန်ပုံငွေ ရရှိအောင် စုဆောင်းခြင်း၊	– ကျေးရွာတွင်းလမ်းများကွန်ကရစ်လမ်းခင်းခြင်း၊
– သောက်သုံးရေသန့်ရှင်းမှုအားနည်းခြင်း၊	– သောက်ရေသန့် ရရှိလိုခြင်း	– ကျေးရွာအလှူငွေ ရနိုင်ခြင်း၊	– နည်းပညာ အခက်အခဲရှိခြင်း၊	– ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့်ကျေးလက်ဦးစီးဌာနတို့ ချိတ်ဆက်ဆောင်ရွက်ခြင်း၊ – ကျေးရွာရန်ပုံငွေ ရရှိအောင် စုဆောင်းခြင်း၊	– ဆိုလာရေသန့်စင်စနစ်

ပြဿနာ	အကြောင်းအရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
– မိုးရာသီတွင် သွားလာရခက်ခဲခြင်း၊	– မြေသားလမ်းဖြစ်ခြင်း၊ – မိုးရာသီတွင် ရေအိုင်နေခြင်း၊	– မူရင်းမြေသားလမ်းမှာ အောက်ခံအမာခံရှိနေ ခြင်း၊ – ကျေးရွာအလှူငွေနှင့် လုပ်အားများ ရနိုင်ခြင်း၊	– ကျေးရွာမှ ရရှိသော အလှူငွေနှင့်မလုံလောက်ခြင်း၊ – နည်းပညာ အခက်အခဲ ရှိခြင်း၊	– ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့်ကျေးလက်ဦးစီးဌာနတို့ ချိတ်ဆက်ဆောင်ရွက်ခြင်း၊ – ကျေးရွာရန်ပုံငွေ ရရှိအောင် စုဆောင်းခြင်း၊	– ကျေးရွာတွင်းလမ်းများကွန်ကရစ်လမ်းခင်းခြင်း၊
– မိုးရာသီတွင် သွားလာရခက်ခဲခြင်း၊	– မြေသားလမ်းဖြစ်ခြင်း၊ – မိုးရာသီတွင် ရေအိုင်နေခြင်း၊	– မူရင်းမြေသားလမ်းမှာ အောက်ခံအမာခံရှိနေ ခြင်း၊ –ကျေးရွာအလှူငွေနှင့် လုပ်အားများ ရနိုင်ခြင်း၊	– ကျေးရွာမှ ရရှိသော အလှူငွေနှင့်မလုံလောက်ခြင်း၊ – နည်းပညာ အခက်အခဲ ရှိခြင်း၊	– ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့်ကျေးလက်လမ်းဦးစီးဌာနတို့ ချိတ်ဆက် ဆောင်ရွက်ခြင်း၊	– ကျေးရွာချင်းဆက်လမ်းဂျင်းခင်းခြင်း၊ (လယ်ဝန်းကုန်း-ဆေးခင်းလမ်း)
– မိုးရာသီတွင် သွားလာရခက်ခဲခြင်း၊	– မိုးရာသီတွင် ရေအိုင်နေခြင်း၊	– မူရင်းလမ်းမှာ အောက်ခံ အမာခံရှိနေခြင်း၊ – ကျေးရွာအလှူငွေနှင့် လုပ်အားများရနိုင်ခြင်း၊	– ကျေးရွာမှ ရရှိသောအလှူငွေနှင့် မလုံလောက်ခြင်း၊ – နည်းပညာ အခက်အခဲ ရှိခြင်း၊	– ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့်ကျေးလက်လမ်းဦးစီးဌာနတို့ ချိတ်ဆက် ဆောင်ရွက်ခြင်း၊	– ကျေးရွာချောင်းရေကျော်တံတားလိုအပ်ခြင်း၊ (ကျေးရွာချင်းဆက်လမ်း)
– ရွာလုံးကျွတ်မီး မလင်းနိုင်သေးခြင်း၊	– ကျေးရွာမြောက်ပိုင်းမီးလင်းရန် ကျန်ရှိခြင်း၊	– ကျေးရွာအလှူငွေများ ရနိုင်ခြင်း၊	– ကျေးရွာမှ ရရှိသောအလှူငွေနှင့် မလုံလောက်ခြင်း၊ – နည်းပညာ အခက်အခဲ ရှိခြင်း၊	– ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့်ကျေးလက်ဦးစီးဌာနတို့ ချိတ်ဆက် ဆောင်ရွက်ခြင်း၊ – ကျေးရွာရန်ပုံငွေ ရရှိအောင် စုဆောင်းခြင်း၊	– ထပ်တိုးမီးလင်းရေး၊

ပြဿနာ	အကြောင်းအရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
ပညာရေး					
–	–	–	–	–	–
ကျန်းမာရေး					
-	–	–	–	–	–
လူမှုဖွံ့ဖြိုးရေး					
– ကျေးလက်နေ ပြည်သူများ ဝင်ငွေ တိုးပွားလာစေရန် နည်းပညာများ မရှိခြင်း၊	– နည်းပညာလက်လှမ်း မီမှုမရှိခြင်း၊	– နည်းပညာများအား သင်တန်းပို့ချရာတွင် သင်တန်းသားများရရှိ နိုင်ခြင်း၊	– တစ်ပိုင်တစ်နိုင် စီးပွားရေး လုပ် ငန်းများ ဆောင် ရွက်ရန် ဝန် ဆောင်မှုမရှိခြင်း၊	– ကျေးလက်ဦးစီးဌာနမှ သက်မွေးသင်တန်းများ အကူအညီဆောင်းခံနိုင် ခြင်း၊	– အသက်မွေးဝမ်း ကြောင်းအထောက် အကူပြုသင်တန်း များဖွင့်လှစ်ပေးရန်၊
သွင်းအားစုနှင့် ချေးငွေဝန်ဆောင်မှု လုပ်ငန်း					
–	–	–	–	–	–
စိုက်ပျိုးရေး					
–	–	–	–	–	–
သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး					
–	–	–	–	–	–

ဦးစားပေးစီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ ကျေးရွာအုပ်စု မြို့နယ် တိုင်းဒေသကြီး / ပြည်နယ်	- ပန်းရွာ - ဆေးခင်း - ငါန်းဇွန် - မန္တလေးတိုင်းဒေသကြီး
စီမံချက်အမည် - ကျေးရွာမီးလင်းရေးလုပ်ငန်း	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ - ကျေးရွာတွင် ထရန်စဖော်မာရောက်ရှိနေသော်လည်း မီးမလင်းနိုင်သေးခြင်း -	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒ ဖော်ပြရန်) - လျှပ်စစ်မီးရရှိသောကျေးရွာ ဖြစ်ရန်၊ -	
မျှော်မှန်း အကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုး ကျေးဇူးများ) - လျှပ်စစ်မီးရရှိပါက ကျေးရွာ၏ လူနေမှုအဆင့်အတန်းမြင့်မားလာနိုင်ခြင်း၊	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်) မီးလင်းရေး မီးတိုင်-(၁၃)တိုင်၊ မီးကြိုး-(၈၂၄၄)ပေ	
ကုန်ကျစရိတ်ထည့်ဝင်မှု - ၅၂၅၀၀၀၀/-	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
• ၁၅၀၀၀၀၀၀ - (ငွေသား) • ၅၂၅၀၀၀၀ - (ငွေသား) • - (လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	**လူဦးရေ**			**ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)**				
	ကျား	**မ**	**ပေါင်း**	**၁**	**၂**	**၃**	**၄**	**ပေါင်း**
ကျေးရွာအဆင့်	၄၀၄	၃၅၂	၇၆၆	၄	၇၁	၇၀	၅၅	၂၀၀
အကျိုးခံစားမည့် ဦးရေ	၄၀၄	၃၅၂	၇၆၆	၄	၇၁	၇၀	၅၅	၂၀၀
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) - ဆေးခင်းကျေးရွာဖွံ့ဖြိုးရေးကော်မတီ - မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း) - ၂၀၂၃ ခုနှစ်
(၃) စီမံချက် ပြီးစီးမည့်အချိန် - ၂၀၂၃ခုနှစ်
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် - ကျေးရွာသူ/သားများအားလုံး ငွေအားတက်နိုင်သလိုထည့်ဝင်ရန် ရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ပြီးဖြစ်ပါသည်။ - ကျေးရွာပြင်ပ ခင်မင်ရင်းနှီးသော မိတ်ဆွေများထံ အလှူခံသွားပါမည်။ -
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေး ဆိုင်ရာ အစီအစဉ်များ - လုပ်ငန်းများကောင်းမွန်စွာ ဆက်လက်အကောင်အထည်ဖော်ရေးအတွက် မီးကြိုးမီးတိုင်သွယ်တန်းခြင်း ဆောင်ရွက်ပြီးပါက ရန်ပုံငွေကောက်ခံရန်ကျေးရွာလုံးကျွတ် စည်းဝေးတိုင်ပင်သွားပါမည်။ - လက်ရှိရေကော်မတီမှ အလှူငွေများဆက်လက်စုဆောင်းကာ နှစ်စဉ်အသေးစားပြင်ဆင်မှုများ ပြုလုပ်ဆောင်ရွက်သွားပါမည်။

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်နေပုံ



